အခြေခံမိတ်ဆက်စာစဉ်(ရုပ်ပြပုံပြင်)

mgyoe.com




# အများအကျိုးဆောင် ကိုယ့်အကျိုးအောင်

ဆရာကြီးတက်တိုးရဲ့ပုံပြင်ကို
ဘာ‌ဒွေးကြည်သရုပ်ဖော်ပါတယ်။

mgyoe.com

စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ်
m-gyoe.com
လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ
ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ
မိတ်ဆက်စာစဉ်များ



ISBN9789997116543
BBS2
9 789997 116543
1,500.00KS

mgyoe.com

အများအကျိုးဆောင် ကိုယ့်အကျိုးအောင်၊ တက်တိုးနှင့် ဘငွေးကြည်
စာမျက်နှာ ၆၀ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အ ခြေ ခံ မိ တ် ဆ က် စ ာ စ ဉ်

■■■■■■■■■■

# အများအကျိုးဆောင်
# ကိုယ့်အကျိုးအောင်

ဆရာကြီး တက်တိုးရဲ့ ပုံပြင်ကို
ဘငွေးကြည် သရုပ်ဖော်ပါတယ်

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

*   စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။

*   ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာ့ပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သားဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com




လွန်လေပြီးသောအခါက လူတစ်ယောက် ရှိသည်။
သူသည် မစားနိုင်မသောက်နိုင်လောက်အောင် နာမကျန်း ဖြစ်နေသည်။
သူ့မကျန်းမာခြင်းက သူ့အား စိတ်မချမ်းမသာ ဖြစ်စေသည်။



mgyoe.com

mgyoe.com

သူသည် ဆေးအမျိုးမျိုး စမ်း၍ စားကြည့်သည်။
ဆေးဆရာ အမျိုးမျိုးကို ပြကြည့်သည်။
သို့သော် သူသည် တစ်နေ့တခြား အင်အားနည်းသည်ထက် နည်းလာသည်။


mgyoe.com

mgyoe.com




ထို့နောက် တစ်နေ့တွင် သတင်းကောင်းတစ်ခု ရရှိသည်။
အရှေ့ဘက်ရှိ နိုင်ငံတစ်နိုင်ငံတွင် အံ့ဖွယ်ကောင်းလောက်အောင် တော်သော
နက္ခတ်ဗေဒင်ဆရာတစ်ဦး ရှိသည်။



mgyoe.com

သူသည် ဆင်းရဲသောသူကို ချမ်းသာအောင် ဟောပြနိုင်သည်။
နာမကျန်းဖြစ်သူကို ကျန်းမာလာအောင် ဟောပြနိုင်သည်။



mgyoe.com



သူသည် ဘာပဲဖြစ်ဖြစ်
ထိုနက္ခတ်ဗေဒင်ဆရာကို ရှာရန် စိတ်ပိုင်းဖြတ်လိုက်သည်။

mgyoe.com



သူ့ ခရီးစထွက်ခါစမှာပင် သူသည် အတော်
သက်သာနေပြီ။ လမ်းကောင်းစွာ လျှောက်နိုင်သည်။

mgyoe.com


mgyoe.com



သူသည် ဂျုံသို့ဖြစ်ခြင်းမှာ ကောင်းသော လက္ခဏာဖြစ်သည်ဟု စိတ်မှာ ဖြစ်လာသည်။
ဂျုံဗေဒင်ဆရာသည် သူ့အဖို့ သင့်လျော်သည့်သူ ဖြစ်သည်ဟု ထင်သည်။

mgyoe.com


mgyoe.com



နာမကျွန်းသူသည် ညနေတိုင်အောင် ဆက်၍ လျှောက်သည်။ ညောင်ပင်တစ်ပင်ကို မြင်သောအခါ သူက ထိုနေ့မှာ ရှေ့ဆက်သွားရန် အချိန်သိပ်နောက်ကျပြီဟု ဆုံးဖြတ်သည်။

mgyoe.com

mgyoe.com




ထို့ကြောင့် သူက ညောင်ပင်အောက်မှာ တစ်ည
အိပ်မည်ဟု ဆုံးဖြတ်သည်။
ထို့ကြောင့် ဤသစ်ပင်အောက်တွင် သူ့အတွက်
တစ်နေရာစာရှင်း၍ ညအတွက် စခန်းချသည်။

mgyoe.com

mgyoe.com

သို့သော်
သူ့ကိုယ်သူ သက်သောင့်သက်သာရှိစေရန်
လုပ်ကာမျှ ရှိသေးသည်၊
ညောင်ပင်စောင့်နတ်က ရှေ့တွင် ကိုယ်ထင်ပြလေသည်။



mgyoe.com

"သင် ဘယ်သွားမလို့လဲ"ဟု နတ်က လူကို မေးသည်။
"ပြီးတော့ ကျုပ်သစ်ပင်အောက်မှာ ဘာအတွက် အိပ်နေရသလဲ။"



mgyoe.com



"ကျုပ် အရှေ့မှာရှိတဲ့ နိုင်ငံတစ်နိုင်ငံက နာမည်ကျော် ဗေဒင်ဆရာတစ်ယောက်ဆီမှာ
ဗေဒင်မေးဖို့ သွားမလို့"


"ဒီလိုဆိုရင် သူ့ကို ကျုပ်အတွက်လည်း မေးခွန်းတစ်ခု မေးပေးပါ။
ကျုပ် ဒီညောင်ပင်က ထွက်သွားချင်ပေမဲ့ ဘယ်နည်းနဲ့မှ ထွက်မသွားနိုင်ဘူး ဖြစ်နေတာ
ဘာကြောင့်လဲလို့ သူ့ကို မေးပေးပါ။"

mgyoe.com


mgyoe.com



ကတိပေးပြီးလျှင်
နာမကျန်းသူသည် ညောင်ပင်အောက်မှာ ထိုည အိပ်သည်။



mgyoe.com



နောက်တစ်နေ့မှာ
သူ့ခရီးလမ်းကို သူ သွားသည်။

mgyoe.com

mgyoe.com





အတန်ကြာ လျှောက်ပြီးနောက်
သူသည် တောင်ပို့ကြီး တစ်ခုဆီသို့ ရောက်သည်။

mgyoe.com

mgyoe.com

ချတောင်ပို့ထဲမှ မြွေကြီးတစ်ကောင် ထွက်လာပြီး
သူ့သွားလမ်းကို ကန့်လန့်ဖြတ်ပြီး နားနေသည်။
"သင် ဘယ်သွားမလို့လဲ" မြွေက ခရီးသည်ကို မေးသည်။
ပြီးတော့ "ဘာကြောင့် ဒီလမ်းကို ယူရသလဲ။"





“အို မြွေမင်း၊ ကျွန်ုပ်သည် အလွန်ကျော်ကြားသော ဗေဒင်ဆရာထံ ဆွေးနွေးတိုင်ပင်ရန် အရှေ့ဥ္ဒရှိသော တိုင်းပြည်တစ်ပြည်သို့ သွားနေပါသည်။”

“ဒီလိုဆိုရင် ကျွန်ုပ်အတွက်လည်း မေးလာစေချင်ပါတယ်” မြွေကြီးက ဆိုသည်။

“ကျွန်ုပ် ဒီတောင်ပို့မှ အခြားသို့ ထွက်သွားရန် ကြိုးစားသော်လည်း ထွက်ခွာ၍မရသည်မှာ အဘယ်ကြောင့်နည်းဟု မေးစေလိုသည်”

mgyoe.com

mgyoe.com



"ကောင်းလှပါပြီ၊ ကျွန်ုပ် သင့်အတွက် မေးပေးပါမည်"ဟု
လူနာက ကတိပေးသည်။
"ပြီးတော့ ကျွန်ုပ် ဤနေရာသို့ပြန်လာပြီး သူက မည်သည့်အဖြေကို ပေးလိုက်သည်ကို
ကျွန်ုပ် အိမ်အပြန်တွင် သင့်အား သိစေပါမည်။"

mgyoe.com


mgyoe.com



ဂျိကတိကို ကျေနပ်သဖြင့် မြွေကြီးသည် သူ့တွင်းထဲသို့ လျှောဝင်သွားသည်။
လူမမာလည်း သူ့ခရီးကို ဆက်သည်။

mgyoe.com

mgyoe.com



သူသည် သူ့လမ်းကို တဖြည်းဖြည်းသွားရာ မြစ်တစ်ခု၏
ကမ်းနားသို့ ရောက်သွားကြောင်း သူ သိရသည်။
"ကဲ ငါ ဒီမြစ်ပြင်ကျယ်ကြီးကို ဘယ်လိုကူးရမလဲ၊ ကူးတို့လည်း မရှိဘူး" ဟု
သူ့ကိုယ်သူ ဘာလုပ်ရမှန်းမသိ ဖြစ်သည်။

mgyoe.com

mgyoe.com


သူ ဘာလုပ်ရမလဲ ဆိုတာကို တွေးပြီး သူသည်
မြစ်ကမ်းနားမှာ ထိုင်နေသည်။ သူ တွေးတောနေစဉ်မှာ
မိကျောင်းကြီးတစ်ကောင် သူ့ဆီကို ကူးလာသည်။



mgyoe.com

JJ mgyoe.com

"ခရီးသည်၊ ဘယ်ကို သွားမလို့လဲ။ ဘာဖြစ်လို့
ဒီလမ်းကို လာသလဲ"ဟု မိကျောင်းက မေးသည်။
"အို မိကျောင်းမင်း၊ ကျွန်ုပ်သည် အံ့ဩဖွယ်ကောင်းသော ဗေဒင်ဆရာ
တစ်ဦးထံသို့ သွားမလို့ပါ။ ထိုဗေဒင်ဆရာသည်
မြစ်ဟိုဘက်ကမ်းတွင် နေသည်။"



mgyoe.com

"သင် ဗေဒင်ဆရာထံသို့ သွားမလို့ဆိုလျှင်
ကျွန်ုပ် သင့်ကို မြစ်ဖြတ်ကူးပြီး ပို့ပေးပါမည်။
ဒါပေမဲ့ ကျွန်ုပ်အား သင်၏ တည်ကြည်သော ကတိပေးရမည်။"




mgyoe.com



mgyoe.com

mgyoe.com


"ကျွန်ုပ်အတွက် ပေဒင်မေးပေးရန်
ကတိ ဖြစ်သည်။ ပေဒင်ဆရာကို မေးပေးပါ။
ကျွန်ုပ်ဟာ မိကျောင်းဖြစ်ပါလျက်နှင့် ရေအောက်သို့
ဘာ့ကြောင့် မသွားနိုင်သလဲဆိုတာ မေးပေးပါ။"
လူနာက ကတိပေးသည်။



mgyoe.com

mgyoe.com

"ကဲ ကျွန်ုပ် ကျောပေါ်သို့တက်ပါ။ ကျွန်ုပ် ဟိုမှာဘက်ကမ်းသို့ သင့်အား သယ်ယူသွားပါမည်။" လူနာသည် မိကျောင်း၏ ကျောပေါ်သို့ တက်စီး၍ တစ်ဖက်ကမ်းသို့ ကူးသွားသည်။ ဟိုဘက်သို့ရောက်သောအခါ ညဖြစ်နေလေပြီ။



mgyoe.com



ထို့ကြောင့် သူသည် မြစ်၏
သောင်ပြင်ပေါ်တွင် အိပ်သည်။ ထို့နောက်
သူ၏ ခရီးစဉ်သည် အထူးအထွေဖြစ်ပျက်မှု
မရှိဘဲနေရာ တိုင်းပြည်တစ်ပြည်သို့
ရောက်သွားသည့်တိုင်အောင်ပင် ဖြစ်သည်။

mgyoe.com


mgyoe.com

ထိုတိုင်းပြည်ကို သူစိမ်းတစ်ဦး တစ်ယောက်မျှ ခြေချခွင့်မပေးပေ။
ဝင်ရောက်လာလျှင် သေဒဏ်ခံရမည် ဖြစ်သည်။
သို့ကြားလည်း သူသည် လျှောက်သွားသဖြင့် သူ့ကို ဖမ်းပြီး
ဘုရင့်ရှေ့တော်မှောက်သို့ သွင်းလိုက်ကြသည်။ "သင် ဘာကြောင့် ကျွန်ုပ်၏
တိုင်းပြည်ထဲသို့ ဝင်လာရသနည်း" ဟု ဘုရင်က စုံစမ်းသည်။



mgyoe.com

mgyoe.com


"ဤတိုင်းပြည်သို့ အလည်ရောက်လာသော
သူစိမ်း မည်သူမဆိုကို သေစေနိုင်သည်ဆိုသည်ကို
သင် မသိပါသလော။ ဤမင်းအမိန့်ကို
သင် မကြားဖူးပါသလော။"